ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ

NATIONAL COUNCIL OF THE UNION OF BURMA

## နအဖ စစ်အုပ်စု၏ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့် စပ်လျဉ်းသည့် သဘောထား ထုတ်ပြန်ချက်

၁။ နအဖစစ်အုပ်စုသည် ၂၀၁၀ ခုနှစ် အတွင်း ကျင်းပမည့် ပါတီစုံ အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ နအဖ ဥပဒေ အမှတ် ၂/၂၀၁၀ ဟူသည့် နိုင်ငံရေး ပါတီများ မှတ်ပုံတင်ခြင်းဥပဒေ တရပ်ထုတ်ပြန်လိုက်ခြင်းအပေါ် မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ သဘောထားကို ထုတ်ပြန်လိုက်သည်။

၂။ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီသည် နအဖစစ်အုပ်စု ကျင်းပပြုလုပ်မည့် ၂၀၁၀ဆိုင်ရာ ရွေးကောက်ပွဲကို (လုံး၀) ဆန့်ကျင်သပိတ်မှောက်သွားရန် ခိုင်မာသည့် ဆုံးဖြတ်ချက်ချမှတ်ထားပြီးဖြစ်သည်။ တချိန်တည်းတွင် နအဖ စစ်အုပ်စုက ၂၀၁၀ ခုနှစ် အတွင်း ပြုလုပ်မည့် ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံရေး လှုပ်ရှားမှုများကို အထူးသတိပြုစောင့်ကြည့်လေ့လာလျက်ရှိရာ– ၂၀၁၀ပြည့်နှစ်၊ မတ်လ(၈) ရက်နေ့ တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့် ပတ်သက်၍ အောက်ပါ အားနည်းချက်များကို တွေ့ရှိရပေသည်။

၃။ ယင်းဥပဒေကို လေ့လာသုံးသပ်ကြည့်ရာတွင်–

(က) အပြည်ပြည်ဆိုင်ရာနှင့် တနိုင်ငံလုံးအတိုင်းအတာဖြင့် လက်ခံထားသည့် ၁၉၉၀ပြည့်ရွေးကောက်ပွဲ ရလာဒ်နှင့် စစ်အုပ်စုကိုယ်တိုင်ပြဋ္ဌာန်းခဲ့သည့် ဥပဒေကို တဖက်သတ် ချေဖျက်လိုက်ခြင်း၊ အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ နိုင်ငံရေးအရ တည်ရှိမှုကို စိန်ခေါ်လိုက်ခြင်း၊ ထူးခြားသည့်နိုင်ငံရေးဖြစ်စဉ်များဖြစ်သည့် တိုင်းရင်းသားအပစ်ရပ်အဖွဲ့များနှင့် သဘောတူညီထားချက်များကိုပါ ဖျက်ဆီးပစ်နိုင်သည့် အလားအလာများကို သုံးသပ်တွေ့ရှိနေရခြင်းတို့သည် ဒေသဆိုင်ရာ တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကိုပါ ဖျက်ဆီးရန် ခြိမ်းခြောက်မှုတရပ်ဖြစ်နေခြင်း။

(ခ) အပြည်ပြည်ဆိုင်ရာ ထောက်ပြချက်များဖြစ်သည့်– ကုလအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းအပါဝင် နိုင်ငံတကာ မိသားစုကြီး၏ တောင်းဆို အကြံပြု မေတ္တာ ရပ်ခံထားချက်များဖြစ်သည့် နိုင်ငံရေးအကျဉ်းသားများ လွတ်ပေးရေး၊ အားလုံးပါဝင်ခွင့်ရှိသော ရွေးကောက်ပွဲဖြစ်ရေးအပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တောင်းဆိုထားသည့် ရွှေဂုံတိုင်သဘောထား တောင်းဆိုချက် တို့ကို လုံး၀ လျစ်လျူရှုပစ်ပယ်ထားခြင်း။

(ဂ) မတရားဖမ်းဆီးချုပ်နှောင်ခြင်းခံနေရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံးကို နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပါဝင်ခွင့်မရှိအောင် စနစ်တကျ လုပ်ကြံဖန်တီးထားခြင်း

(ဃ) ၂၀၀၈ ခုနှစ် နာဂစ်ဖွဲ့စည်းပုံဥပဒေကို အခိုင်အမာကိုင်စွဲ၍ စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ရေး၊ တရားဝင်ဖြစ်ရေးကိုသာ အဓိက ရည်ရွယ်ထားသည့် နအဖ၏ ဥပဒေဖြစ်နေခြင်း စသည့် ဒီမိုကရေစီကျင့်စဉ်နှင့် မညီသော အချက်များကို သုံးသပ်တွေ့ရှိရပါသည်။

၄။ သို့ဖြစ်၍ယင်းကဲ့သို့ ဥပဒေထုတ်ပြန်၍ နိုင်ငံရေးလမ်းကြောင်းပြောင်းရန် ကြိုးပမ်းမှုအပေါ် မိမိတို့အနေဖြင့် လုံးဝလက်ခံနိုင်ခြင်းမရှိသည့်အပြင် နည်းမျိုးစုံဖြင့် ဆန့်ကျင်တိုက်ဖျက်သွားမည်ဖြစ်သည်။ ထို့ပြင် လူမျိုးပေါင်းစုံပြည်သူတရပ်လုံးအတွက် ဒီမိုကရေးဆိုင်ရာ အခြေခံအခွင့်အရေးများ အပြည့်အဝအာမခံချက်ရှိသော စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုသစ်ကြီးပေါ်ပေါက်လာသည့်အထိ မိမိတို့အမျိုးသားကောင်စီသည် တိုင်းရင်းသားပေါင်းစုံပြည်သူလူထုတရပ်လုံးနှင့် လက်တွဲတိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်ပါသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ(NCUB)**

၂၀၁၀ခုနှစ် မတ်လ(၁၁)ရက်
ဆက်သွယ်ရန်– (၆၆–၈၆၀၉ ၀၅၆၇၂)၊ ( ၆၆–၈ ၁၉၅၀ ၂၁၅၈)၊ (၆၆–၈ ၁၉၅၃ ၆၁၁၄)